# အရေးပေါ်အခြေအနေနှင့်စပ်လျဉ်း၍ သဘောထားထုတ်ပြန်ကြေညာခြင်း

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၇) ရက်နေ့။

အမျိုးသားညီညွတ်ရေးအစိုးရ မှ စက်တင်ဘာလ (၇) ရက်နေ့ကို စစ်အာဏာရှင်စနစ် အပြီးတိုင်ဖျက်သိမ်းပစ်ရန်အတွက် နိုင်ငံတော်အရေးပေါ်အခြေအနေတစ်ရပ်ကို ကြေညာခဲ့ပါသည်။ ထိုသို့ကြေညာအပြီး တိုင်းရင်းသားပြည်နယ်များတွင် တိုက်ပွဲများ အရှိန်မြင့်လာပြီး တနိုင်ငံလုံး အတိုင်းအတာဖြင့် အကြမ်းဖက် စစ်ကောင်စီတပ်များမှ စစ်ရေးလှုပ်ရှားမှုများ ပြုလုပ်လာပါသည်။ ထို့အပြင် နိုင်ငံတဝန်းရှိ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များလည်း စစ်ရေးပြင်ဆင်မှုများနှင့် စစ်ရေးလှုပ်ရှားမှုများကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်လာလျက်ရှိပါသည်။

ကရင်နီပြည်တွင်လည်း KNDF အနေဖြင့် တိုင်းရင်းသားတော်လှန်ရေး လက်နက်ကိုင်အဖွဲ့အစည်းများ၊ နှင့်အတူ စစ်အာဏာရှင်စနစ်ကိုအမြစ်ပြတ်ခြေမှုန်းရေးအတွက် ပြည်နယ်တစ်ဝှမ်း စစ်ကောင်စီတပ်များကို တွန်းလှန်တိုက်ခိုက်နေပါသည်။ ထို့ကြောင့် ကရင်နီပြည်သူလူထုများအနေဖြင့် စိုးရိမ်ထိတ်လန့် ခြင်းမရှိဘဲ၊ လုံခြုံရေး သတိရှိကြပါရန် နှင့် စစ်အာဏာရှင်စနစ်ကို အမြစ်ပြတ်ခြေမှုန်းရေးအတွက် တော်လှန်ရေးတပ်ဖွဲ့များနှင့်အတူ ပူးပေါင်းတွန်းလှန်တိုက်ခိုက်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ယနေ့မွန်းလွဲ (၃း၀၀) နာရီဝန်းကျင်တွင်၊ လွိုင်ကော်နှင့်ဒီမော့ဆိုမြို့နယ် အကြား ဒေါ်ပိုးစီကျေးရွာအနီးတွင် လာရောက်တပ်စွဲသော စစ်ကောင်စီတပ်များကို KNDF တပ်ရင်းများမှ ခုခံတိုက်ခိုက်လျက်ရှိပါသည်။

KNDF သတင်းနှင့်ပြန်ကြားရေးဌာန